## (၂၇-၁၁-၂၀၂၀) မှ (၃-၁၂-၂၀၂၀ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ ) ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် တူရကီနိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် (၅.၉၀ %) ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ နီပေါ၊ ပါကစ္စတန်၊ ဘာဘေဒို၊ အီကွေဒေါ၊ ဂျော်ဒန်၊ ကင်ညာ၊ မိုနာကို၊ အိုမန်၊ ဆော်ဒီအာရေဗျ၊ ဆူဒန်နှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၃၈ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် လာအို၊ တရုတ်၊ ဩစတြီးယား၊ နယ်သာလန်၊ ဆွီဒင်၊ ချီလီ၊ တောင်အာဖရိက၊ ဆူရီနာနှင့် နယူးဇီလန် စသည့် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၉၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိ ရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် (၄ ဒသမ ၄၀ %)၊ ထိုင်းနိုင်ငံတွင် (၃ ဒသမ ၁၀ %)၊ မြန်မာနိုင်ငံတွင် (၂ ဒသမ ၈၀ %)၊ မလေးရှားနိုင်ငံတွင် (၁ ဒသမ ၈၀ %)နှင့် စင်ကာပူနိုင်ငံတွင် (သုည ဒသမ ၇၀ %) ဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး လာအိုနိုင်ငံတွင် (သုည ဒသမ ၁၀ %) ဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ နိုင်ငံအနက် ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၆၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် လက်ဘနွန် နိုင်ငံ

တွင် ယခင်အပတ် ဈေးနှုန်းထက် (၅ ဒသမ ၅၀ %) ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တရုတ်၊ ဟောင်ကောင်၊ ဘာဘေဒို၊ ကိုလံဘီယာ၊ ကင်ညာ၊ ကူဝိတ်၊ မိုနာကို၊ အိုမန်၊ ပနားမား၊ ဆူဒန်၊ ဗင်နီဇွဲလားနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်း အပြောင်း အလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အိုင်ယာလန်၊ ဆိုက်ပရပ်စ်၊ ပိုလန်၊ ဆွစ်ဇာလန်နှင့် လစ်သူရေးနီးယား စသည့်နိုင်ငံပေါင်း ၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် (သုည ဒသမ ၁၀ %) မှ (၂ ဒသမ ၇၀ %) ထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် (၅ ဒသမ ၅၀ %)၊ ထိုင်းနိုင်ငံတွင် (၄ ဒသမ ၄၀ %)၊ လာအိုနိုင်ငံတွင် (၄ ဒသမ ၁၀ %)၊ မြန်မာနိုင်ငံတွင် (၃ ဒသမ ၂၀ %)၊ မလေးရှားနိုင်ငံတွင် (၂ ဒသမ ၂၀ %)၊ ဖိလစ်ပိုင် နိုင်ငံတွင် (၁ ဒသမ ၄၀ %) နှင့် စင်ကာပူနိုင်ငံတွင် (သုည ဒသမ ၉၀ %) ဖြင့် ဈေးနှုန်း မြင့်တက် ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။ **အာဆီယံနိုင်ငံများ**၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဖြစ်ပေါ်နေသော ခာတ်ဆီ၊ ဒီဇယ် (၁) လီတာ ဈေးနှုန်း များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါ သည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၆ | ၀.၄၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၄ | ၀.၇၀ |
| ၃ | ထိုင်း | လီတာ | ၀.၉၉ | ၀.၆၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၇ | ၀.၅၀ |
| ၅ | စင်ကာပူ | လီတာ | ၁.၄၅ | ၁.၂၃ |
| ၆ | မလေးရှား | လီတာ | ၀.၄၁ | ၀.၄၅ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၂ | ၀.၇၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၇ | ၀.၆၄ |
| ၉ | လာအို | လီတာ | ၀.၉၃ | ၀.၈၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၁ ဒသမ ၀၂) နှင့် ဒီဇယ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (သုည ဒသမ ၉၁) ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံ အလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း (၁) လီတာ (သုည ဒသမ ၅၆) ဒေါ်လာနှုန်းဖြင့် (၂၃) နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း (၁) လီတာ (သုည ဒသမ ၄၈) ဒေါ်လာနှုန်းဖြင့် ၁၇ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများ စာရင်းကို (၁) လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၈ |
| ၂ | အီရန် | လီတာ | ၀.၀၆ | ဆီးရီးယား | လီတာ | ၂.၀၄ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၄ | နယ်သာလန် | လီတာ | ၁.၈၂ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | ဒိန်းမတ် | လီတာ | ၁.၇၅ |
| ၅ | ကာတာ | လီတာ | ၀.၃၄ | မိုနာကို | လီတာ | ၁.၇၅ |

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၂ | ဟောင်ကောင် | လီတာ | ၁.၈၉ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၆၇ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၁ | အယ်လ်ဘေးနီးယား | လီတာ | ၁.၆၃ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၃ | အစ္စရေး | လီတာ | ၁.၆၂ |
| ၅ | ကာတာ | လီတာ | ၀.၃၂ | မိုနာကို | လီတာ | ၁.၅၉ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၁ | ၀.၇၉ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၆ | ၁.၀၄ |


Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၇.၁၁.၂၀၂၀ | စည် | ၄၅.၇၁ |
| ၂ | ၁.၁၂.၂၀၂၀ | စည် | ၄၄.၅၅ |
| ၃ | ၂.၁၂.၂၀၂၀ | စည် | ၄၅.၂၈ |
| ၄ | ၃.၁၂.၂၀၂၀ | စည် | ၄၅.၆၄ |

**source : http://www.oil-price.net/**

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့မှ နိုဝင်ဘာလ (၃၀) ရက်နေ့ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် နိုဝင်ဘာလဆန်းကစ၍ ဆက်တိုက်လိုလို မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းစက်သုံးဆီဈေးသည် ဒီဇင်ဘာ ၂ ရက်နေ့တွင် တစ်လီတာလျှင် ၁၀ ကျပ်စီ မြင့်တက်ခဲ့ပြီး တစ်လအတွင်း ၅၀ ကျပ် မြင့်တက်လာခဲ့ပါသည်။ ရန်ကုန်အထိုင်စက်သုံးဆီ အရောင်းဆိုင်အများစုတွင် ဒီဇင်ဘာ ၂ ရက်နေ့တွင် အောက်တိန်း-92 တစ်လီတာလျှင် ၅၅၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၆၆၅ ကျပ်၊ ဒီဇယ် တစ်လီတာ လျှင် ၅၉၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၆၀၅ ကျပ်ဖြင့် ဈေးဖွင့်ရောင်းချနေကြောင်း သိရှိရပါသည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်း တက်လာရခြင်းမှာ ကမ္ဘာ့ရေနံစိမ်းဈေးသည်လည်း မြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု ဈေးကွက်ကျွမ်းကျင်သူများ၏ ပြောကြားချက်အရ သိရှိရပါသည်။ ကမ္ဘာ့ရေနံစိမ်းဈေးမှာ ဒီဇင်ဘာ ၂ ရက်က တစ်စည်လျှင် ၄၅ ဒေါ်လာအထက် ရောက်ရှိလာပြီး တစ်လအတွင်း ရှစ်ဒေါ်လာကျော် မြင့်တက်လာခဲ့သည်ကို လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၂၈၅ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၃၂၈၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၁၇၂ ကျပ်၊

ဒီဇယ် တစ်ဂါလံလျှင် ၂၈၅၇ ကျပ်၊ လားရှိုးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၃၁၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ပုသိမ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၂၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၄၅၀ ကျပ်၊ ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၃၁၈ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၂၄၀၇ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း အနည်းငယ် မြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**